**CALHOUN COUNTY, MICHIGAN**
**JOINT OPERATIONS CENTER**

*COVID-19 Unified Response*

# ချက်ချင်း ထုတ်ပြန်ချက်
## တနင်္လာနေ့၊ ဂျူလိုင်လ ၂၆ ရက်၊ ၂၀၂၁

# ဒယ်လ်တာမျိုးရိုးဗီဇကွဲပိုး ကယ်လ်ဟွန်းခရိုင်တွင် တွေ့ရှိခြင်း

Calhoun County Public Health Department (CCPHD) ကယ်လ်ဟွန်းခရိုင်ပြည်သူ့ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ မျိုးရိုးဗီဇကွဲပိုး ဒယ်လ်တာအမျိုးအစား ကူးစက်ခံရခြင်း ပထမလူနာသည် ကယ်လ်ဟွန်းခရိုင်ရှိ နေထိုင်သူတစ်ဦးဖြစ်ကြောင်း အတည်ပြုလိုက်ပြီဖြစ်သည်။ ယခုအချိန်တွင် CCPHD သည် ထိတွေ့မှုအဆင့်ဆင့် နောက်ကြောင်းမှတ်တမ်းရှာဖွေခြင်းနှင့် ပိုးကူးစက်ခံရသူနှင့်ပတ်သတ်သော ရောဂါစုံစမ်းစစ်ဆေးခြင်းတို့ကို ပြုလုပ်နေပါသည်။

ဒယ်လ်တာမျိုးကွဲပိုးအမျိုးအစားကို အိန္ဒိယနိုင်ငံတွင် စတင်တွေ့ရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်စေသည့် SARS-CoV-2 ဆားစ်-ကိုဗ်-၂ ဗိုင်းရပ်စ်အမျိုးအစားမှတဆင့် ဗီဇပြောင်းခြင်းကြောင့် ပေါက်ဖွားလာခြင်း ဖြစ်သည်။ CDC ၏အဆိုအရ စောစီးစွာလေ့လာသိရှိရသည်မှာ ဒယ်လ်တာမျိုးကွဲပိုးသည် သေဆုံးမှုနှုန်းပိုမို မြင့်မားစေနိုင်သည် သို့သော် သုတေသနပြုချက်များ ထပ်မံ၍လိုအပ်သေးသည်။ သုတေသနစာတမ်းများအရ ဒယ်လ်တာမျိုးကွဲပိုး၏ ကူးစက်နှုန်းသည် အခြားမျိုးကွဲများထက် အဆများစွာ သာလွန်နေကြောင်း လေ့လာသိရှိရပါသည်။

သက်သေအချက်အလက်များအရ ကာကွယ်ဆေးများသည် ဤဒယ်လ်တာမျိုးကွဲပိုးကြောင့် ခံစားရမည့် ဆိုးရွားသည့် ကျန်းမာရေး ထိခိုက်မှုများကို လျော့နည်းစေနိုင်ရန်အတွက် အကျိုးထိရောက်စေကြောင်း သိရှိလေ့လာရပါသည်။ ကယ်လ်ဟွန်းခရိုင် ပြည်သူ့ကျန်းမာရေးဌာနမှ ရပ်ရွာလူထုသည် ကိုဗစ်-၁၉ ဆိုင်ရာ အထူးသဖြင့် မျိုးရိုးဗီဇကွဲပိုးအသစ်ကြောင့် ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှုမြင့်မားလာခြင်းအတွက် ကြိုတင်ကာကွယ်မှုများကို ဆက်လက်၍ လုပ်ဆောင်ကြရန် အထူးတိုက်တွန်းလိုပါသည်။

အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်

- ကာကွယ်ဆေး ပြီးမြောက်စွာ ထိုးပြီးခြင်း

- ကာကွယ်ဆေး မထိုးရသေးလျှင် လူထုကြားသွားလာရာတွင် မျက်နှာဖုံးဝတ်ခြင်း၊ အထူးသဖြင့် အဆောက်အဦးအတွင်း လူစုဝေးများသည့် နေရာများ
- ကာကွယ်ဆေးမထိုးရသေးလျှင် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာခြားနေရန်
- မကြာခဏ လက်ဆေးခြင်း
- နေထိုင်မကောင်းလျှင် အိမ်မှာနေရန်။ ရောဂါလက္ခဏာပြလျှင် ကူးစက်ခံရမှုရှိမရှိ စစ်ဆေးခြင်းပြုရန်
- အဆောက်အဦးအတွင်းပိုင်း နေရာများ လေဝင်လေထွက်ကောင်းအောင်ပြုလုပ်ခြင်း

ကာကွယ်ဆေးများကို ကယ်လ်ဟွန်းခရိုင် ကျန်းမာရေးဌာနနှင့် ရပ်ရွာအတွင်းရှိ အခြားနေရာများတွင် ရရှိနိုင်သည်။ ဖုန်း ၂၆၉-၉၆၉-၆၃၆၃ သို့ခေါ်ဆိုပြီး ရက်ချိန်းရယူပါ သို့မဟုတ် calhouncountymi.gov/covidvaccine တွင် ဝင်ရောက်လေ့လာပါ။

---

**ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်**

Lucy Blair, Calhoun County Communications Manager
လူစီ ဘလဲရ်၊ ကယ်လ်ဟွန်းခရိုင် ဆက်သွယ်ရေး မန်နေဂျာ
၂၆၉-၇၈၁-၀၉၂၆ lblair@calhouncountymi.gov

Victor Jovanovich, Public Health Department Communications Specialist
ဗစ်ခ်တာ ဂျိုဗနိုဗစ်ချ်၊ ပြည်သူ့ကျန်းမာရေးဌာန ဆက်သွယ်ရေး ကျွမ်းကျင်အရာရှိ
၂၆၉-၉၆၉-၆၄၆၉ vjovanovich@calhouncountymi.gov

Jessica Vanderkolk, City of Battle Creek Communications Manager
ဂျက်ဆီကာ ဗန်ဒါကော့ခ်၊ ဘက်တယ်ခရိခ်မြို့နယ် ဆက်သွယ်ရေး မန်နေဂျာ
၂၆၉-၉၆၆-၃၃၇၈ jlvanderkolk@battlecreekmi.gov